## သောတာပန် (၃) မျိုး

၁။ ဧကဗီဇီသောတာပန် → တိက္ခိန္ဒြိယပုဂ္ဂိုလ် → ဝိပဿနာဉာဏ်ထက်မြက်

၂။ ကောလံကောလသောတာပန် → မဇ္ဈိမိန္ဒြိယပုဂ္ဂိုလ် → အနည်းငယ်ပျော့

၃။ သတ္တက္ခတ္တုပရမသောတာပန် → မုဒိန္ဒြိယပုဂ္ဂိုလ် → ထိုထက်ပျော့

ဤသုံးမျိုးတို့သည် ကာမသုဂတိဘုံသားတို့အတွက် ခွဲခြားချက်ဖြစ်သည်၊ ရူပဘုံ၊ အရူပဘုံတို့၌ အကြိမ်များစွာ ပဋိသန္ဓေနေနိုင်သည်။

## သကဒါဂါမ် (၆) မျိုး

၁။ ကာမလူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ ကာမလူ့ပြည်၌ပင် ဘဝမခြားဘဲ ပရိနိဗ္ဗာန်ပြုသူ

၂။ ကာမလူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ နတ်ပြည်၌ဖြစ်ကာ ပရိနိဗ္ဗာန်ပြုသူ

၃။ နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ပြည်၌ပင် ပရိနိဗ္ဗာန်ပြုသူ

၄။ နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ ကာမလူ့ပြည်၌ဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသူ

၅။ ကာမလူ့ပြည်၌ သကဒါဂါမ်ဖြစ်ပြီး နတ်ပြည်၌ဖြစ်ကာ သက်တမ်းအတိုင်း၊ နေလျှက် လူ့ပြည်၌ တဖန်ဖြစ်၍ ပရိနိဗ္ဗာန်ပြုသူ

၆။ နတ်ပြည်၌ သကဒါဂါမ်ဖြစ် ကာမလူ့ပြည်၌ဖြစ်လာပြီး၊ နတ်ပြည်၌ တဖန်ဖြစ်ကာ ပရိနိဗ္ဗာန်ပြုသူ

ဤပုဂ္ဂိုလ်ကို အချို့ကျမ်း၌ ဆိုပေ၏၊
ငါး၊ နှင့်ခြောက် ပုဂ္ဂိုလ်နှစ်ဦးတို့၌ ကာမသုဂတိ(၇)ဘုံ၌ ပဋိသန္ဓေ နှစ်ကြိမ်နေ၏။

အရိယာပုဂ္ဂိုလ် (၉၆) ဦး

၁။ သောတာပန်သုံးမျိုးကို ပဋိပဒါလေးမျိုးဖြင့် မြှောက်လျှင် (၁၂) ဦးဖြစ်၏၊ ၎င်း (၁၂) ဦးကို သဒ္ဓါဓုရ + ပညာဓုရ နှစ်မျိုးဖြင့် မြှောက်လျှင် သောတာပန် (၂၄) ဦးဖြစ်၏။

ပဋိပဒါ (၄) ပါး

(က) ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ပုဂ္ဂိုလ်

(ခ) ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ပုဂ္ဂိုလ်

(ဂ) သုခပဋိပဒါ ဒန္ဓာဘိညာ ပုဂ္ဂိုလ်

(ဃ) သုခပဋိပဒါ ခိပ္ပါဘိညာ ပုဂ္ဂိုလ်

၂။ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၌ ဖြစ်သော သကဒါဂါမ် (၃) ယောက်ကို ပဋိပဒါလေးပါးဖြင့် မြှောက်လျှင် သကဒါဂါမ်ပုဂ္ဂိုလ် (၁၂) ဦးဖြစ်၏။

၃။ အန္တရာပရိနိဗ္ဗာယီ အနာဂါမ် (၃) ဦး

(က) အဝိဟာဘုံ၌ ဖြစ်၍ ကမ္ဘာတစ်ရာအတက်၌ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်

(ခ) " ကမ္ဘာနှစ်ရာအတက်၌ "

(ဂ) " ကမ္ဘာငါးရာမရောက်မီအတွင်း၌ "

အဝိဟာဘုံ၌ အန္တရာပရိနိဗ္ဗာယီ အနာဂါမ် (၃) ဦး၊ ဥပဟစ္စပရိနိဗ္ဗာယီ (၁) ဦး၊ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ (၁) ဦး + ပေါင်း (၅) ဦးဖြစ်၏၊ အတပ္ပ၊ သုဒဿာ၊ သုဒဿီဘုံတို့၌လည်း ငါးဦးစီဖြစ်၏ (၅×၄=၂၀)၊ အကနိဋ္ဌဘုံ၌ကား ဥဒ္ဓံသောတ အနာဂါမ်မရှိနိုင်၍ (၄) ဦးသာရှိ၏၊ (၂၀+၄=၂၄) ထို (၂၄) ဦးကို အသင်္ခါရပရိနိဗ္ဗာယီ၊ သသင်္ခါရပရိနိဗ္ဗာယီ (၂) ဦးဖြင့် မြှောက်လျှင် အနာဂါမ်ပုဂ္ဂိုလ် (၄၈) ဦးဖြစ်၏၊

၄။ ရဟန္တာပုဂ္ဂိုလ်သည်

(က) သုညတဝိမောက္ခဖြင့် ကိလေသာမှ လွတ်သော ရဟန္တာ၊

(ခ) အနိမိတ္တဝိမောက္ခဖြင့် "

(ဂ) အပ္ပဏိဟိတဝိမောက္ခဖြင့် " ဤ (၃) ဦးကို ပဋိပဒါ (၄) ပါးဖြင့် မြှောက်လျှင် ရဟန္တာ (၁၂) ဦးဖြစ်၏။

၂၄ + ၁၂ + ၄၈ + ၁၂ = ၉၆

## ပုဂ္ဂလ (၆၀)

ပုဂ္ဂလသည် သုက္ခဝိပဿက၊ သမထယာနိက - ဟု (၂) မျိုးရှိ၏၊
သုညတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခ (၃) ပါးကို ကြည့်၍
ပဋိပဒါ (၄) ပါးဖြင့် မြှောက်လျှင် ပုဂ္ဂလ (၁၂) ဦး ဖြစ်၏၊
ယင်း (၁၂) ဦးကို ပညာဝိမုတ္တ၊ ဥဘတောဘာဂဝိမုတ္တ၊ တေဝိဇ္ဇ၊ ဆဠဘိည၊
ပဋိသမ္ဘိဒါပတ္တ (၅) ဦးဖြင့် မြှောက်လျှင် ပုဂ္ဂလ (၆၀) ဖြစ်၏။

### သမသီသီ ပုဂ္ဂလ (၄) ပါး

၁။ ဣရိယာပထသမသီသီ = အရဟတ္တဖိုလ်မရလျှင် ကြိုက်ရာ ဣရိယာပုထ်မှ မထဟု အဓိဋ္ဌာန်ပြီး၊ အားထုတ်ရာ အရဟတ္တဖိုလ်လည်းရ ဣရိယာပုထ်မှလည်းထ၊ ဤသို့ တပြိုင်နက် ဖြစ်သောပုဂ္ဂိုလ်

၂။ ရောဂသမသီသီ = ရောဂါတခုခု ဖြစ်ကပ်နေရာတွင် ဤရောဂါ မပျောက်မီ အတွင်းမှပင် အရဟတ္တဖိုလ်ရအောင် အားထုတ်မည်ဟု အဓိဋ္ဌာန်ပြီး အားထုတ်ရာ အရဟတ္တဖိုလ်လည်းရ၊ ရောဂါလည်း ကင်းပျောက်၊ ဤသို့ တပြိုင်နက်တည်း ဖြစ်သောပုဂ္ဂိုလ်။

၃။ ဇီဝိတသမသီသီ = အရဟတ္တဖိုလ်လည်း ရ၊ ဇီဝိတိန္ဒြေလည်း ချုပ်ငြိမ်း၊ ဤသို့ တပြိုင်နက် ဖြစ်သောပုဂ္ဂိုလ်။

(ဓါတုကထာ အဋ္ဌ၊ သက်ထာဝတ္ထု၊ သံ၊ ၁၂၃၊ ၅၊ ၁၆၈) ၌ သုံးမျိုးပြ၏။

၄။ ဝေဒနာသမသီသီ =

(အင်္ဂုတ္တရ ပယောဂီဘုတ်၊ ဖေ၊ ဥ၊ ၄၀၅၊ ၅၊ ၁၇ ရှု၊ သတ္တကနိပါတ်)

### အရိယာ (၄) မျိုး

၁။ အာစာရအရိယာ = မြတ်သော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်

၂။ ဒဿနအရိယာ = ဣရိယာပုထ်လေးပါး၌ ကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်

၃။ လိင်္ဂအရိယာ = ရဟန်းတော်များနှင့် ဝတ်ရုံပုံချင်း အသွင်အပြင်တူသော ပုဂ္ဂိုလ်

၄။ ပဋိဝေဓအရိယာ = မဂ်ဖိုလ်ကို ထိုးထွင်း၍သိသော ဘုရားစသော အရိယာပုဂ္ဂိုလ် (၈) ဦး